## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၉၉ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက် )

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်(၁၂)မျိုး ချီးမြှင့်နိုင်ရေးနှင့်စပ်လျဉ်း၍ ပဏာမစိစစ်နိုင်ရေးအတွက် " **စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်(၁၂)မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့** " ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုရေးနှင့်ယဉ်ကျေးမှုဌာနကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဒ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂)မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမ စိစစ်ရေးအဖွဲ့ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရွေးချယ်အဆိုပြုထားသော ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းနိုင်ရေး အတွက် " ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ " သို့ စိစစ်တင်ပြရန်၊

(ခ) ချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သူများကို ရွေးချယ်တင်ပြရာတွင် လုပ်ထုံးလုပ်နည်းပါ စိစစ်ချက်များနှင့်အညီ စိစစ်တင်ပြရန်၊

(ဂ) အထူးချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သောကိစ္စရပ်များအတွက် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်သင့်ကြောင်းတွေ့ရှိပါက အဆိုပါပုဂ္ဂိုလ်နှင့်သင့်လျော်သည့် စွမ်းဆောင်မှုဆိုင်ရာတံဆိပ်တစ်ခုခုကို ချီးမြှင့်အပ်နှင်းရေးအတွက် စိစစ်တင်ပြရန်၊

(ဃ) လိုအပ်ပါက စိစစ်ဆောင်ရွက်နိုင်ရေးအတွက် သီးခြားအဖွဲ့ငယ်များ ဖွဲ့စည်း ဆောင်ရွက်ရန်၊

(င) အဆိုပြုရွေးချယ်သည့်ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများ၊ ပြင်ပအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဆိုပြုရွေးချယ်ခြင်းခံရသည့်ပုဂ္ဂိုလ်များအား လိုအပ်ပါက ဖိတ်ကြားမေးမြန်းရန်နှင့် လိုအပ်သောအထောက်အထားများ၊ မှတ်တမ်းများ၊ စာရွက်စာတမ်းများကို တောင်းခံရန်၊

(စ) စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး ချီးမြှင့်အပ်နှင်းရန်အတွက် " ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေး အဖွဲ့ " ၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်။

၃။ ပဏာမစိစစ်ရေးအဖွဲ့၏ ဆုတံဆိပ်ရွေးချယ်ရေးနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများအား ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန က တာဝန်ယူဆောင်ရွက်ရမည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၆ - ၄ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၁ / ၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ